တရားမဆိုင်ရာ(စီရင်ချက်ပုံစံ) ၁၇။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၈ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၇၃

ရခိုင်ပြည်နယ်တရားလွှတ်တော်၏ ၂၀၁၈ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၁ တွင် ချမှတ်သော ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအပေါ် တင်သွင်းသော အယူခံမှု။

ဒေါ်ချင်းမ နှင့် ၁။ ဦးလှဖော်သူ

၂။ ဦးကျော်ဆန်း (ခ) ကျော်ဆန်းဝင်း

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

အယူခံတရားလိုအတွက် - ဦးတင်မောင်သိန်း၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်များအတွက်- ဒေါ်ဝင်းဝင်းဖံ၊တရားလွှတ်တော်ရှေ့နေ

**စီရင်ချက်**

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၈ ရက်

စစ်တွေခရိုင်တရားရုံး၊ ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁ တွင် တရားလို ဒေါ်ချင်းမ က တရားပြိုင် ဦးလှဖော်သူ ပါ - ၃ ဦးအပေါ် ကုန်ဘိုးကျန်ငွေ ၄၄၃၅၁၅၅၃ (ကျပ်သိန်းလေးရာလေးဆယ့်သုံးသိန်းငါးသောင်းတစ်ထောင်ငါးရာငါးဆယ့်သုံးတိတိ) ရလိုမှုနှင့် အဆိုပါ ငွေအတွက် ပေးဆပ်သည့်နေ့အထိ ရုံးအတိုးနှင့်တကွ ရလိုမှုစွဲဆိုရာ (၃) တရားပြိုင် ဦးအောင်ညွန့်ဝင်း အပေါ် စွဲဆိုမှုကို ပလပ်ပြီး (၁)တရားပြိုင် ဦးလှဖော်သူ နှင့် (၂) တရားပြိုင် ဦးကျော်ဆန်း တို့ က တရားလို ဒေါ်ချင်းမထံသို့ (၄၄၃၅၁၅၅၃) ကျပ်ကို ပေးဆပ်စေရန် ဒီကရီချမှတ်ခဲ့သည်။ ယင်းဒီကရီ အပေါ် မူလရုံးတရားပြိုင် (၁) (၂) တို့က အယူခံဝင် ရောက်ရာ ရခိုင်ပြည်နယ်တရားလွှတ်တော်က တရားလို၏ အဆိုလွှာကို စရိတ်နှင့်တကွ ပလပ်လိုက်သဖြင့် မူလရုံးတရားလိုက ဤအယူခံမှု တင်သွင်းခြင်း ဖြစ်သည်။

အဆိုလွှာတွင် တရားပြိုင်တို့သည် တရားလို၏ ခင်ပွန်းဘက်မှ ဆွေမျိုးရင်းချာတော်စပ်ကြသူများဖြစ်သည့် အလျှောက်တရားပြိုင်မိသားစု စားဝတ်နေရေး အဆင်ပြေစေရေးအတွက် တရားလိုမှ ငွေကြေးစိုက်ထုတ်ပြီး ဆန်စပါးအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်စေရန် ငွေများထုတ်ပေးခဲ့ကြောင်း၊ ငွေအရင်းမပျက်စေဘဲ ရရှိလာသည့် အကျိုးအမြတ်အပေါ် အချိုးကျခွဲဝေစားကြရန် သဘောတူညီချက်ဖြင့်

ငွေထုတ်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မှန်ကန်မှုမရှိကြောင်း တွေ့ရှိလာသည့်အတွက် စာရင်းများ တောင်းခံရာ မည့်သည်ပစ္စည်းမှ မဝယ်ဘဲငွေ ၁၉၂၈၄၄၉၂ ကျပ်ကို စာရင်းထည့်သွင်းတောင်းခံထားသည်ကို တွေ့ရှိ၍ ဦးလှဖော်သူ အား အသိပေးခဲ့ရာ စာရင်းရှင်းလင်းပေးရန် ပျက်ကွက်သဖြင့် စာရင်းရှင်းလင်းရန် ခေါ်ယူခဲ့ရပြီး တရားလို၏ စစ်တွေမြို့နေအိမ်တွင် (၁) တရားပြိုင် ဦးလှဖော်သူ နှင့် (၂) တရားပြိုင် ဦးကျော်ဆန်း တို့ရောက်ရှိလာကာ ဦးထွန်းသာ၊ ဦးမော်လှကျော် တို့ရှေ့ စာရင်းရှင်းလင်းရန် ညှိနှိုင်းကြရာ တရားလိုဘက်တွင် ပြေစာမူရင်းများမရှိသဖြင့် ဦးလှဖော်သူ စာရင်းကို အခြေခံပြီးသင်္ဘောတင်ပို့မှုပမာဏ အတိုင်း ညှိနှိုင်းရန်နှင့် တင်ပို့သည့်ဆန်အိတ်များကို ရန်ကုန်ဆန်စက် အသီးသီးမှ လက်ခံရရှိပြီး၊ စက်ကြိတ်ခြင်းနှင့်ရောင်းချသည့်အိတ်အရေအတွက်ကို အခြေခံကာ ဦးလှဖော်သူ ၏ စာရင်းနှင့်တိုက်ဆိုင်ပြီး ဆောင်ရွက်ရန် ရန်ကုန်တာဝန်ခံ ဦးကျော်ဆန်း၏ ရှင်းလင်းပေးပို့သော ပြေစာများနှင့် ရှင်းလင်းပြေစာမရှိသော ခေါက်ရေများကို အခြေခံပြီး ရှင်းလင်းရန် တရားလိုဘက်မှ လက်ခံသော်လည်း တရားပြိုင်များမှ ရှင်းလင်းပေးမှုမရှိကြောင်း၊ စာရင်းရှင်းလင်းခြင်းမပြုသဖြင့် ၂၆-၁-၂၀၁၅ ရက်နေ့တွင် နှစ်ဦးနှစ်ဘက် သဘောတူညီချက်စာချုပ်ပြုလုပ် လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ဦးလှဖော်သူ နှင့် ဦးကျော်ဆန်းတို့ထံမှ ရရန်ကျန်ရှိနေသော ငွေနှင့်ပစ္စည်းများစာရင်းကို နောက်ဆက်တွဲဇယား(ခ)ဖြင့် ဖော်ပြထားကြောင်း၊ ယင်း နောက်ဆက်တွဲဇယား (ခ)အရ ၎င်းတို့ (၂) ဦးထံမှ ရရန်ကျန်ငွေ ၂၉၁၀၄၀၅၃ ကျပ်နှင့် ရရန်ကျန်ရှိသည့် ဆန်အိတ်ပေါင်း (၁၀၁၆.၅၀) အိတ်အတွက် သင့်ငွေ ၁၅၂၄၇၅၈၀ ကျပ်တန်ဖိုး တွက်ချက်ပြီး စုစုပေါင်း ရရန် ကျန်ငွေ ၄၄၃၅၁၅၃၃ ကျပ်ဖြစ်ကြောင်း၊ ဆန်အပို့နှင့် ရန်ကုန်မှလက်ခံရရှိမှုများကို ပုံစံအားဖြင့် နောက်ဆက်တွဲဇယား (ဂ) ဖြင့်ဖော်ပြထားကြောင်း၊ တရားလိုနှင့် တရားပြိုင် နှစ်ဦးနှစ်ဘက်စာရင်းဇယား များကို ညှိနှိုင်းဖြေရှင်းကြပြီးနောက် တရားပြိုင် ဦးလှဖော်သူ ဘက်မှ သင်္ဘောတင်ပြေစာမူရင်းတို့ကို ပြည့်စုံစွာမရရှိသည့်အတွက် ရန်ကုန်တာဝန်ခံ ဦးကျော်ဆန်း၏ရှင်းလင်းစာများ၊ ရှင်းလင်းပြေစာမရှိသော ခေါက်ရေများအတွက် ဦးကျော်ဆန်းကိုယ်တိုင် တင်ပြသော စာရင်းဇယားများကို အခြေခံပြီး ရှင်းလင်းခဲ့ကြသည့်စာရင်းဇယားအပေါ် အခြေခံ၍ ပေါ်ပေါက်လာသော ငွေကြေးများအပေါ် အခြေခံတွက်ချက်တောင်းခံခြင်းဖြစ်ကြောင်း၊ တရားပြိုင် ဦးလှဖော်သူ ဘက်မှ တရားလိုနှင့် နှစ်ဦးနှစ်ဘက် ညှိနှိုင်းမှုတွင် အမြတ်အစားနှင့် လုပ်အားခ ခံစားခွင့်နှစ်မျိုးကို ညှိနှိုင်းမရသဖြင့် ၂၆-၁-၂၀၁၅ ရက်နေ့တွင် နှစ်ဦးနှစ်ဘက်သဘောတူ စာချုပ်ချုပ်ဆိုပြီး လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ကြောင်း၊ ငွေ ၄၄၃၅၁၅၃၃ ကျပ်ကို စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ပေးစေလိုကြောင်း အဆိုပြုသည်။

ချေလွှာတွင် တရားလိုနှင့် (၁) တရားပြိုင်တို့သည် ဆန်စပါးအရောင်းအဝယ်လုပ်ငန်းကို ၁၉၉၂-၁၉၉၃ ခုနှစ်မှစပြီး အကျိုးတူခွဲဝေခံစားကြရန် သဘောတူညီမှုဖြင့် စတင်လုပ်ဆောင်ခဲ့ကြကြောင်း၊ ၂၀၁၃ ခုနှစ်တွင် စတင်လုပ်ဆောင်ကြခြင်းမဟုတ်ကြောင်း၊ ထိုသို့ လုပ်ကိုင်ခဲ့ကြရာတွင် တရားလိုက ငွေရင်းစိုက်ထုတ်သော်လည်း ငွေရင်းအပေါ် တရားပြိုင်(၁)က အတိုး ၂ %ပေးခဲ့ရကာ၊ အမြတ်ရရှိပါက ၂% ကို တရားလိုကရယူပြီး ကျန်ငွေအပေါ် အချိုးကျယူခဲ့ရကြောင်း၊ ၁၉၉၂-၁၉၉၃ ခုနှစ်တွင် လုပ်ငန်းအရှုံးပေါ်ခဲ့ရာ တရားပြိုင်အား တရားလို၏နေအိမ်သို့ ခေါ်ယူ၍ အကျယ်ချုပ်သဘောထားရှိပြီး အရှုံးပေါ်သည့်ငွေမှာ အတိုးအပါအဝင် ကျပ် ၇၂ သိန်းကို တရားပြိုင်(၁)က တာဝန်ယူရမည်ဖြစ်ကြောင်း ခြိမ်းခြောက်

ပြော၍ လက်မှတ် ရေးထိုးခိုင်းသဖြင့် ၁၂-၁၂-၂၀၁၁ ရက်စွဲပါ စာချုပ်ကို လက်မှတ်ရေးထိုးပေးခဲ့ရကြောင်း၊ ယင်းစာချုပ်ရက်စွဲကို တရားလိုက ၁၂-၁၂-၂၀၁၃ ဟု မရိုးမသားပြုလုပ်ကာ စစ်တွေမြို့နယ်တရားရုံး၊ ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅ ဖြင့်စွဲဆိုကြောင်း၊ ၁၂-၁၂-၂၀၁၁ ရက်စွဲပါစာချုပ်ပြုလုပ်ပြီး နောက်ပိုင်းတွင် တရားလိုက ဆန်စပါးလုပ်ငန်းကို အကျိုးတူလုပ်ကိုင်စေခြင်းမပြုတော့ဘဲ တရားလိုက ငွေရင်းစိုက်ထုတ်ကာ တရားပြိုင် (၁) အားလုပ်အားခ ယူရန် သဘောတူလုပ်ကိုင်ခဲ့ကြောင်း၊ စပါးတောင်း (၁၀၀) ဝယ်ယူတိုင်း လုပ်အားခငွေ ၂၀၀၀ စီနှင့် ဆန် (၁) အိတ်ကိုလုပ်အားခငွေ ၂၀၀ ပေးရန်နှစ်ဦးသဘောတူညီ လုပ်ကိုင်ခဲ့ကြောင်း၊ တရားလိုသည် တရားပြိုင် (၁)အား လုပ်အားခရှင်းလင်းပေးခြင်းမရှိသည့်အပြင် စပါးအကြွေး ဝယ်ယူခိုင်းခဲ့သဖြင့် လယ်သမားများထံမှ အကြွေးဝယ်ယူပြီး ရန်ကုန်သို့ပို့ပေးခဲ့ကာ ဆန်ဖိုးငွေများဖြင့် တရားလိုထံသို့ ပေးပို့ခဲ့သော်လည်း စပါးအကြွေးငွေများကို တရားလိုက ရှင်းလင်းပေးခြင်းမရှိကြောင်း၊ ရန်ကုန်မှ ဆန်ဖိုးငွေများဖြင့် စပါးအကြွေးငွေများကို ပေးဆပ်ခဲ့ရခြင်းဖြစ်၍ တရားလိုက တင်ပြသကဲ့သို့ ငွေ ၁၉၂၈၄၄၉၂ ကျပ်ကို စာရင်းတွင် မည်သည့်ပစ္စည်းမှ မဝယ်ဘဲထည့်သွင်းဖော်ပြခဲ့သည်ဆိုခြင်းမှာ မဟုတ်ကြောင်း၊ တရားပြိုင်(၁)သည် သားဖြစ်သူ တရားပြိုင် (၂) ဦးကျော်ဆန်း (ခ) ကျော်ဆန်းဝင်းနှင့်အတူသွားရောက်ပြီး တရားလိုနှင့် စာရင်းရှင်းလင်းခဲ့ကြောင်း၊ ထိုသို့စာရင်းရှင်းလင်းကြစဉ် ဦးထွန်းသာနှင့် မောင်လှကျော်တို့ကို အပ်နှံခဲ့ကြရာ မူလ သဘောတူကတိပြုထားခဲ့သည့် လုပ်အားခ စပါးတောင်း (၁၀၀) ဝယ်လျှင် ငွေ ၂၀၀၀ စီနှင့် ဆန်တစ်အိတ်အတွက် ငွေ ၂၀၀ အစား ငွေ ၁၀၀၀စီနှင့်ငွေ ၁၀၀ စီသာ လုပ်အားခ ပေးချေမည်ဟု တရားလိုက ပြောဆိုလာခဲ့၍ စာရင်းရှင်းလင်းခြင်းမပြုနိုင်ခဲ့ကြောင်း၊ တရားပြိုင် (၁) သည် တရားလိုနှင့်အကျိုးတူ လုပ်ကိုင်ခြင်းမဟုတ်ဘဲ လုပ်အားခသာရယူလုပ်ကိုင်သူဖြစ်၍ လုပ်ငန်းအရှုံးအမြတ်သည် ၎င်းနှင့်မသက်ဆိုင်ကြောင်း၊ တရားလိုသည် တရားပြိုင်တို့အပေါ် စစ်တွေခရိုင်တရားရုံး၏ ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈ ဖြင့် ဦးစွာ စွဲဆိုခဲ့ပြီး ဆန်စပါးအရောင်းအဝယ်စာရင်း (၂၆) စောင်ကို တင်သွင်းခဲ့ရာ ငွေ ၁၉၂၈၄၄၉၂ ကျပ်ကို စာရင်းဖော်ပြခဲ့ခြင်းမရှိကြောင်း၊ ထိုအမှုတွင် တရားပြိုင်တို့က ဤပုံစံအတိုင်း စွဲဆိုခွင့်မရှိကြောင်း ချေဆိုခဲ့ရာ တရားလိုဘက်မှ အမှုကို အမှုသစ်စွဲဆိုခွင့်နှင့်တကွ ရုပ်သိမ်းခဲ့ပြီးဖြစ်ကြောင်း၊ တရားလိုသည် နောက်ဆက်တွဲ (က)၊ (ခ)၊ (ဂ) ပါ ဖော်ပြချက်များမှာ မိမိလိုရာ အခြေခံပြီး ရေးဆွဲပြုလုပ်ထားသော စာရင်းဇယားများဖြစ်ပြီး ယင်းတို့ကို အခြေပြုပြီး အမှုကို ဤပုံစံ အတိုင်း စွဲဆိုနိုင်မည်မဟုတ်ကြောင်း၊ နှစ်ဦးနှစ်ဘက်ညှိနှိုင်းမှုတွင် အမြတ်စားနှင့် လုပ်အားခ ခံစားခွင့် (၂) မျိုးကို ညှိနှိုင်းမရသဖြင့် ၂၆-၁-၂၀၁၅ ရက်စွဲပါ စာချုပ်ကို ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်ဟု တွေ့ရသဖြင့် တရားလိုသည် ဤအမှုကို ဤပုံစံအတိုင်း စွဲဆိုနိုင်မည်မဟုတ်ကြောင်း၊ တရားလိုသည် နှစ်ဘက်တင်ပြသော စာရင်းဇယားများအပေါ် စာရင်းရှင်းလင်းပေးစေလိုမှုသာ စွဲဆိုသင့်ကြောင်း၊ ကုန်ဖိုးကျန်ငွေ ၄၄၃၅၁၅၅၃ ကျပ်သည် မည်သို့မည်ပုံ ရရန်ဖြစ်ကြောင်း တိကျစွာတွက်ချက်ဖော်ပြထားခြင်းမရှိကြောင်း၊ တရားပြိုင် (၂)၊ (၃) တို့သည် တရားပြိုင် (၁) နှင့် တရားလိုတို့ ပြုလုပ်သော လုပ်ငန်းတွင် တရားလိုနှင့် တိုက်ရိုက်ပတ်သက်နေသည်ဟု ဖော်ပြခြင်း မရှိသောကြောင့် အမှုမှ ပယ်ထုတ်သင့်ကြောင်း၊ တရားလို၏ အဆိုလွှာကို ပလပ်ပေးရန် ချေပသည်။

မူလ စစ်တွေခရိုင်တရားရုံးသည် ငြင်းချက် (၄) ရပ်ထုတ်ပြီး တရားလိုနှင့် တရားပြိုင်တို့သည် ဆန်စပါး အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်ရန် တရားလိုမှ ငွေကြေးစိုက်ထုတ်ပြီး အကျိုးအမြတ်အပေါ် အချိုးကျခွဲဝေခံစားကြရန် သဘောတူညီချက်ဖြင့် လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားလိုဘက်မှ တရားပြိုင်သို့ငွေပေးအပ်ခဲ့မှု၊ ငွေပြန်လည်ရရှိမှု အသေးစိတ်စာရင်းနှင့် ရရန်ပေးရန် စာရင်းများ တင်ပြထားနိုင်ပြီး လုပ်ငန်းပမာဏသည် ငွေကျပ်သိန်းပေါင်း ၅၃၇၃ ကျော်ဖြစ်ပြီး တရားလိုဘက်က စာရင်းအသေးစိတ်ရှင်းလင်းတွက်ချက်ပြီး ငွေရလိုကြောင်း စွဲဆိုသည်တွင် တရားပြိုင်တို့အနေဖြင့် စာရင်းရှင်းလင်းရခြင်းမရှိသေး၍ ပေးစရာမလိုဟုသာ မရေမရာ ထုချေရုံဖြင့် မလုံလောက်ကြောင်း၊ တရားမကျင့်ထုံးဥပဒေ အမိန့် ၈၊ နည်းဥပဒေ ၃ နှင့် ၄ တို့အရ တရားပြိုင်သည် ချေလွှာတွင် ယေဘုယျဆန်ဆန် ငြင်းကွယ်ရုံဖြင့် မလုံလောက်၊ ဝေ့လည်ချောင်ပတ်ငြင်းကွယ်ခြင်းမပြုဘဲ လိုရင်းအချက်ကို တိတိကျကျငြင်းကွယ်ထုချေရမည်ဖြစ်ကြောင်း၊ ထိုသို့ ငြင်းကွယ်ခြင်းမပြုပါက ဝန်ခံသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်းဥပဒေ ၅ တွင် ပြဋ္ဌာန်းထားကြောင်း တရားပြိုင်အနေဖြင့် တရားလိုက လွှဲပေးသည့်ငွေ၊ အခြားနည်းဖြင့် ရောက်ရှိငွေပမာဏကို လုံးဝချေပငြင်းဆိုခြင်းမရှိရာ မငြင်းကွယ်နိုင်၍သာဖြစ်သည်ဟု ယူဆရမည်ဖြစ်သဖြင့် တရားပြိုင်တို့သည် တရားလို အဆိုပြုတင်ပြထားသည့် စုစုပေါင်း ၅၃၇၃၉၁၇၀၀ ကျပ်ကိုရရှိသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ တရားပြိုင်မှ ငွေ ၁၉၂၈၄၄၉၂ ကျပ်ကို ဆန်စပါးဖိုးအကြွေးများပေးဆပ်ခဲ့ရသည်ဆိုသောအချက်နှင့်စပ်လျဉ်း၍ မည်သူများထံမည်မျှဖြစ်ကြောင်းကို တိတိကျကျစာရင်းရှင်းလင်းထွက်ဆိုနိုင်ခြင်းမရှိကြောင်း၊ စာရင်းများစစ်ဆေးခဲ့သူ ဦးထွန်းသာ (လိုပြ-၁)နှင့် ဦးမောင်လှကျော် (လိုပြ-၂) တို့၏ စာရင်းစစ်အစီရင်ခံစာ သက်သေခံ (ဆ) နောက်ဆက်တွဲဇယား (ခ) အရ တရားလိုသည် တရားပြိုင်တို့ထံမှ ဆန်အိတ် (၁၀၁၆.၅) အိတ်နှင့် ငွေ ၂၉၁၀၄၀၅၃ ကျပ်ဖြစ်ကြောင်း၊ ဆန်တစ်အိတ်လျှင် ၁၅၀၀၀ ကျပ်နှုန်းဖြင့် တွက်ချက်၍ တန်ဖိုးငွေ ၁၅၂၄၇၅၀၀ ကျပ်ဖြစ်၍ စုစုပေါင်းငွေ ၄၄၃၅၁၅၅၃ ကျပ်ဖြစ်ကြောင်း တရားလိုဘက်မှ ထွက်ဆိုတင်ပြထားပြီး တရားပြိုင်ဘက်မှ ဆန်အိတ်ဈေးနှင့် ပတ်သက်၍ တစ်စုံတစ်ရာ တင်ပြထွက်ဆိုခြင်းမရှိကြောင်း၊ သက်သေခံ (ဆ) စာရင်းစစ်အစီရင်ခံစာပါ ၈-၆-၂၀၁၃ ရက်နေ့ဖော်ပြသည့် စာရင်းတွင် တရားပြိုင်များက မည်သည့်ပစ္စည်းမှ မဝယ်ဘဲ ငွေ ၁၉၂၈၄၄၉၂ ကျပ်ကို စာရင်းတွင်ထည့်သွင်း တောင်းခံခဲ့သည်မှာ မှန်ကန်ကြောင်း၊ (၃)တရားပြိုင် ဦးအောင်ညွန့်ဝင်းသည် တရားလိုနှင့်ငွေကြေးပေးယူ ဆက်ဆံမှုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုရှိကြောင်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိကြောင်း၊ တရားလိုအား ပေးရန် ကျန်ရှိသည့်ကိစ္စနှင့် ပတ်သက်သည်ဟု ယူဆ၍ ရနိုင်မည်မဟုတ်ကြောင်း၊ အကြောင်းခြင်းရာများအပေါ် သုံးသပ်၍ (၃)တရားပြိုင်အပေါ် စွဲဆိုမှုကို ပလပ်ခဲ့ပြီး အနိုင်ဒီကရီချမှတ်ခဲ့ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်တရားလွှတ်တော်က တရားလို၏ အဆိုလွှာအပိုဒ် ၉ တွင် တရားပြိုင်ဘက်မှ တရားလိုနှင့် နှစ်ဦးနှစ်ဖက်ညှိနှိုင်းမှုတွင် အမြတ်အစားနှင့် လုပ်အားခ ခံစားခွင့်နှစ်မျိုးကို ညှိနှိုင်းမရသဖြင့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်နေ့တွင် နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်ကို ချုပ်ဆိုလက်မှတ်ရေးထိုးကြကြောင်း ဖော်ပြထားပြီး အဆိုပါ ၂၆-၁-၂၀၁၅ နှစ်ဦးနှစ်ဖက်သဘောတူညီချက်စာချုပ် သက်သေခံ (၁)၏ အပိုဒ် ၅ တွင် နှစ်ဦးနှစ်ဘက် ညှိနှိုင်းမှုတွင် အမြတ်အစားနှင့် လုပ်အားခ ခံစားခွင့်နှစ်မျိုးကို ညှိနှိုင်း၍မရပါ၊

ဒေါ်ချင်းမ ပေးသောလုပ်အားခကိုလည်း ဦးလှဖော်သူမှ လက်မခံသည့်အတွက် စာရင်းကိုရှင်းလင်း၍မရနိုင်ပါဟု ဖော်ပြချက်အရ သက်သေခံ (ဇ) ငွေစာရင်းရှင်းတမ်းအစီရင်ခံစာသည် နှစ်ဦးနှစ်ဖက် အကျေအလည် စာရင်းရှင်းလင်းထားပြီး ရေးဆွဲထားသည့်စာရင်းဖြစ်သည်ဟု တထစ်ချ မှတ်ယူနိုင်မည် မဟုတ်ကြောင်း၊ **ဦးသောင်းညွန့် နှင့် ဦးကျင်အေး အမှု**[1] တွင် နှစ်ဦးနှစ်ဖက် ကျေကျေလည်လည် အပေးအယူနှင့်ပတ်သက်၍ စာရင်းရှင်းလင်းပြီးကြောင်း ပေါ်လွင်ခြင်းမရှိသဖြင့် တရားလိုသည် ၎င်းတင်သွင်းခဲ့သော စာရင်းအပေါ်မူတည်၍ ဥပဒေအရ တရားစွဲဆိုရန် အခွင့်မရှိဟုထုံးဖွဲ့ထားကြောင်း၊ လုပ်ငန်းနှင့်ပတ်သက်၍ နှစ်ဦးနှစ်ဘက် အကျေအလည်စာရင်းရှင်းလင်းပြီးခဲ့ကြောင်း၊ သက်သေပြရန် တာဝန်သည် တရားလိုအပေါ် ကျရောက်ကြောင်း၊ နှစ်ဦးနှစ်ဘက် အကျေအလည်စာရင်းရှင်းပြီးမှသာလျှင် ရရန်တာဝန် နှင့်ပေးရန်တာဝန် တို့သည် ကွဲပြားရှင်းလင်းစွာ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ အယူခံတရားလို (မူလရုံးတရားပြိုင် (၁၊၂) တို့ကလည်း မှန်ကန်စွာစာရင်းရှင်းလင်းမှုကို လိုလားလက်ခံပါကြောင်းနှင့် ပြေလည်အောင်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြထားသည်ကို တွေ့ရှိရကြောင်း၊ **မောင်ချစ်ဦး နှင့် မောင်ပြား အမှု**[2] တွင် စာရင်းများကို အကျေအလည် ရှင်းလင်းခဲ့သည်၊ ထိုစာရင်းအရ ပေးရန်ရှိသော ငွေများနှင့်ပတ်သက်၍ တရားခံက ဝန်ခံခြင်းရှိပါမူ တရားလိုဖြစ်သူသည် စာရင်းရှင်းတမ်းအပေါ် မူတည်၍ တရားစွဲဆိုနိုင်မည်ဖြစ်ကြောင်း လမ်းညွှန်ထားရာ အမှုတွင် တရားပြိုင်များက အကျေအလည်စာရင်းရှင်းခဲ့ပြီးဖြစ်သည်ဟု ဝန်ခံထားခြင်းမရှိကြောင်း၊ အကျေအလည်ရှင်းလင်းပြီးသော စာရင်းများအပေါ် မူတည်၍ တရားလိုက တရားစွဲဆိုခဲ့သည်ဟု ယူဆ၍ မရနိုင်သောကြောင့် စစ်တွေခရိုင်တရားရုံးက အနိုင်ဒီကရီချမှတ်ခဲ့သည်မှာ မှန်ကန်သည်ဟု ယူဆ၍မရနိုင်ကြောင်း သုံးသပ်ပြီး မူလရုံးတရားလို၏ အဆိုလွှာကို ပလပ်သည်။

အယူခံတရားလို၏ရှေ့နေက သက်သေခံ (ဇ) စာရင်းရှင်းတမ်းသည် မူလရုံးတရားလိုနှင့် မူလရုံးတရားပြိုင်တို့က ၂၆-၁-၂၀၁၅ ရက်နေ့တွင် နှစ်ဦးနှစ်ဖက်သဘောတူညီခြင်း စာချုပ်ချုပ်ဆိုပြီး စာရင်း ရှင်းလင်းရန်အတွက် စစ်တွေမြို့နယ်စာရင်းရုံးမှ အငြိမ်းစားဝန်ထမ်း ညွှန်ကြားရေးမှူး၊ စာရင်းစစ် ဦးထွန်းသာ၊ ဦးမောင်လှကျော်ထံတို့ထံ အပ်နှံကာ ရှင်းလင်းခဲ့သည့်စာရင်းရှင်းတမ်းဖြစ်ကြောင်း၊ စာရင်းစစ် အစီရင်ခံစာတွင် စာရင်းစစ်များကသာ စာရင်းစစ်ဆေးပြီးကြောင်း အတည်ပြုလက်မှတ်ရေးထိုးရသည်မှာ ဥပဒေနှင့်ညီညွတ်ကြောင်း၊ သက်သေခံ (ဇ) စာရင်းစစ်အစီရင်ခံစာသည် မူလရုံးတရားပြိုင် (၁)(၂)တို့ထံမှ ရရှိလာသည့် အထောက်အထားစာရွက်စာတမ်းများအပေါ် အခြေခံကာ နှစ်ဦးနှစ်ဖက်ရရန်ပေးရန်ရှိသော လုပ်ဆောင်ချက်များအပေါ် တိကျရှင်းလင်းပြီးဖြစ်ကာ မူလရုံးတရားပြိုင်များမှ လုပ်အားခမရသေး၍ စာရင်းရှင်းလင်းခြင်းမပြုနိုင်ပါဟု ဆင်ခြေ့ရန်ရှောင်သဘောမျိုးချေပခဲ့ခြင်းသာဖြစ်ကြောင်း နှုတ်ဖြင့်တင်ပြထွက်ဆိုချက်ဖြစ်ကြောင်း၊ သက်သေခံ (ဆ) စာရင်းစာအုပ်၏ အမှတ်စဉ် ၁၂၊ ၁၃ ၌ ဦးလှဖော်သူမှ ကုန်ဝယ်ယူခြင်းမရှိဘဲ မူလရုံးတရားလိုထံမှ ငွေ ၁၉၂၈၄၄၃၈ ကျပ်ကိုရယူသုံးစွဲကြောင်း ထင်ရှားပေါ်ပေါက်သည့် အပြင် ရုံးရှေ့၌ စပါးအကြွေးဝယ်ယူ၍ပေးခဲ့ရပါသည်ဟု ဝန်ခံထွက်ဆိုထားသော်လည်း မည်သူထံက ဝယ်ကြောင်းမည်သို့မည်ပုံပေးဆပ်ခဲ့ရကြောင်း တင်ပြနိုင်ခြင်းမရှိကြောင်း၊ စာရင်းစစ်များ စစ်ဆေးခဲ့ကြရာ

---

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၁၃၄၁

၂။ ၁၉၂၈ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ အတွဲ (၆)၊ စာ- ၅၃၈

တရားပြိုင်များက တရားလိုသို့ ၄၄၃၅၁၅၃ ကျပ်ပေးရန်ရှိကြောင်း ပေါ်ပေါက်သည့်အတွက် လာရောက်ပေးဆပ်ရန်နှင့် တရားပြိုင်များရရန်ရှိသော အကျိုးအမြတ်အားလည်း ရှင်းပေးမည်ဖြစ်ကြောင်း တရားလိုက ပြောဆိုခေါ်ယူခဲ့သော်လည်း လာရောက်ရှင်းလင်းခြင်းမရှိ၍ ကုန်ဖိုးကျန်ငွေ ၄၄၃၅၁၅၃ ကျပ်ရလိုမှုကို စွဲဆိုခဲ့ရခြင်းဖြစ်ကြောင်း၊ မူလရုံးတရားပြိုင်များက ပြန်လည်ချေပရာတွင် "တရားလိုဘက်က မူလသဘောတူကတိပြုထားခဲ့သော လုပ်အားခဖြစ်သော စပါးတောင်း (၁၀၀) ဝယ်ယူ တိုင်းငွေကျပ် ၂၀၀၀ စီနှင့် ဆန်အိတ် (၁) အိတ်အတွက် ငွေကျပ် ၂၀၀ အစား ငွေ ၁၀၀၀ ကျပ်စီနှင့် ၁၀၀ ကျပ်စီသာ လုပ်အားခပေးချေမည်ဟု ပြောဆိုလာ၍ စာရင်းရှင်းလင်းခြင်းမပြုနိုင်ခဲ့ပါ" ဟု ချေပချက်မှာ ဆင်ဝှေ့ရန်ရှောင်ချေပချက်သာဖြစ်ကြောင်း၊ တရားပြိုင်များသည် တရားလိုထံမှ လုပ်အားခငွေရရန်ရှိပါက တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်းဥပဒေ ၆ အရ ခုနှိမ်ခွင့်တောင်းခံခြင်း သို့မဟုတ် သီးခြားငွေရလိုမှု စွဲဆိုခြင်းတို့ပြုလုပ်ရန်သာရှိကြောင်း၊ လုပ်အားခမရသေး၍ စာရင်းရှင်းလင်းခြင်းမပြုနိုင်ပါဟု ဆင်ဝှေ့ရန် ရှောင်သဘောမျိုးချေပခဲ့ခြင်းဖြစ်ကြောင်း၊ ပထမအယူခံတရားရုံးဖြစ်သည့် ရခိုင်ပြည်နယ်တရားလွှတ်တော်က ကိုးကားသုံးသပ်ခဲ့သော **ဦးသောင်းညွန့် နှင့် ဦးကျင်အေး အမှု** [၁]၊ **မောင်ချစ်ဦး နှင့် မောင်ပြား အမှု** [၂] တို့သည် "စာရင်းရှင်းလင်းပြီး ငွေရလိုမှု" စွဲဆိုသော အမှုများအပေါ် ဆုံးဖြတ်ခဲ့သော စီရင်ထုံးများဖြစ်ပြီး၊ ယခု အမှုစွဲဆိုသည့် ပုံသဏ္ဌာန်ချင်းတူညီမှုမရှိကြောင်း၊ ရခိုင်ပြည်နယ်တရားလွှတ်တော်၏အမိန့်မှာ ဥပဒေနှင့်လွဲမှားချွတ်ချော်နေပြီး မှန်ကန်မျှတခြင်းမရှိ၍ ပယ်ဖျက်ပြီး မူလစစ်ဆေးရုံးတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုပေးရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်တို့၏ရှေ့နေက ၂၆-၁-၂၀၁၅ ရက်စွဲပါ နှစ်ဦးနှစ်ဖက်သဘောတူညီချုပ်စာချုပ် သက်သေခံ (၁) အပိုဒ် ၅ တွင် "နှစ်ဦးနှစ်ဖက်ညှိနှိုင်းမှုတွင် အမြတ်အစားနှင့်လုပ်အားခ ခံစားခွင့်နှစ်မျိုးကို ညှိနှိုင်း၍မရပါ။ ဒေါ်ချင်းမ ပေးသောလုပ်အားခကိုလည်း ဦးလှဖော်သူမှ လက်မခံသည့်အတွက် စာရင်းကိုရှင်းလင်း၍မရနိုင်ပါ" ဟုဖော်ပြထားကြောင်း၊ ယင်းသို့ ဖော်ပြထားချက်အရ သက်သေခံ (ဇ) ငွေစာရင်းရှင်းတမ်းအစီရင်ခံစာသည် နှစ်ဦးနှစ်ဖက်အကျေအလည်စာရင်းရှင်း၍ ရေးဆွဲထားသည့်စာရင်းဖြစ်ကြောင်းကို တထစ်ချမှတ်ယူနိုင်မည်မဟုတ်ကြောင်း၊ သက်သေခံ (၁) စာချုပ်ပြုလုပ်ပြီးနောက်ပိုင်း တရားစွဲဆိုသောအချိန်ထိ တရားလိုနှင့် တရားပြိုင်များ ထပ်မံတွေ့ဆုံစာရင်းရှင်းလင်းခြင်းမရှိကြောင်းမှာ အမှုတွင်ထင်ရှားပေါ်ပေါက်နေကြောင်း၊ ဦးထွန်းသာနှင့် ဦးမောင်လှကျော် တို့သည် စာရင်းရုံးအငြိမ်းစား ဝန်ထမ်းများဖြစ်ကြသော်လည်း ပြည်သူ့လက်မှတ်ရစာရင်းကိုင် C.P.A များမဟုတ်ကြသဖြင့် ၎င်းတို့နှစ်ဦးမှ စာရင်းစစ်ဆေးခြင်းကို သဘောတူခဲ့သော်လည်း ငွေရလိုမှုမစွဲဆိုနိုင်ကြောင်း၊ စာရင်းရှင်းလင်းပြီးသော ငွေများနှင့်စပ်လျဉ်း၍ တရားပြိုင်ဘက်ဝန်ခံခဲ့ပါက ဒီကရီချမှတ်နိုင်သော်လည်း ဝန်ခံခြင်းမပြုပါက ဒီကရီချမှတ်ခြင်းမပြုနိုင်ကြောင်း၊ ပထမအယူခံရုံး၏အကြောင်းခြင်းရာနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်သည် သက်သေအထောက်အထား လုံးဝမရှိမှသာ သို့တည်းမဟုတ် ဥပဒေသဘောသက်ရောက်သည့် ချွတ်ချော်မှုရှိမှသာ ဒုတိယအယူခံရုံးက ဝင်ရောက်စွက်ဖက်နိုင်ကြောင်း၊ သက်သေအထောက်အထားရှိနေပါလျှင် စိတ်ကျေနပ်မှုမရှိလင့်ကစား ဝင်ရောက်စွက်ဖက်ခြင်းမပြုနိုင်ကြောင်း၊ ရခိုင်ပြည်နယ်တရားလွှတ်တော်၏

စီရင်ချက်နှင့်ဒီကရီသည် မှားယွင်းခြင်းမရှိသဖြင့် ဤအယူခံမှုကို ပလပ်သင့်ကြောင်း စီရင်ထုံးများကိုးကား လျှောက်လဲတင်ပြသည်။

မူလရုံးတရားလို ဒေါ်ချင်းမနှင့် မူလရုံးတရားပြိုင် (၁) ဦးလှဖော်သူ တို့သည် ဆန်စပါး အရောင်းအဝယ်လုပ်ငန်းကို မူလရုံးတရားလိုက ငွေရင်းစိုက်ထုတ်လုပ်ကိုင်ခဲ့ကြသည်။ ဦးလှဖော်သူ က ဒေါ်ချင်းမထံမှ ငွေများလက်ခံထုတ်ယူပြီး ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်မှ ဆန်စပါးများဝယ်ယူ၍ ရန်ကုန်မြို့သို့ သင်္ဘောဖြင့်တင်ပို့ပေးခြင်းလုပ်ငန်းကို တာဝန်ခံလုပ်ကိုင်သည်။ ၎င်း၏သား မူလရုံး တရားပြိုင် (၂) ဦးကျော်ဆန်း (ခ) ကျော်ဆန်းဝင်းက ၎င်းတင်ပို့ပေးသော ဆန်စပါးများကို ရန်ကုန်မြို့တွင် လက်ခံရယူခြင်း၊ စပါးများကို ရန်ကုန်ရှိ ဆန်စက်များတွင် ကြိတ်ခွဲခြင်း၊ ဆန်များကို ဖြန့်ဖြူးရောင်းချခြင်း တို့ကို တာဝန်ခံလုပ်ကိုင်သည်။

ထိုသို့ ဆန်စပါးအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ခဲ့ရာတွင် ၂၀၁၃ ခုနှစ်အတွင်း စာရင်း၌ ဦးလှဖော်သူ က မည်သည့်ပစ္စည်းမှ မဝယ်ဘဲစာရင်းတွင်ငွေ ၁၉၂၈၄၄၉၂ ကျပ်ထည့်သွင်းထားသည့်ကိစ္စ ပေါ်ပေါက်ခဲ့သောကြောင့် စာရင်းရှင်းလင်းရန် ဒေါ်ချင်းမက အသိပေးခေါ်ယူသဖြင့် ဦးလှဖော်သူ နှင့် ဦးကျော်ဆန်း (ခ) ကျော်ဆန်းဝင်းတို့သည် စစ်တွေမြို့ရှိ ဒေါ်ချင်းမ၏နေအိမ်သို့ သွားရောက်၍ စာရင်းစစ် အငြိမ်းစားဝန်ထမ်းများဖြစ်ကြသည့် ဦးဦးထွန်းသာ (လိုပြ-၁)၊ ဦးမောင်လှကျော် (လိုပြ-၂) တို့နှင့် ဆန်စပါး အရောင်းအဝယ်လုပ်ငန်းနှင့်ပတ်သက်၍ စာရင်းများ ရှင်းလင်းခဲ့ရကြောင်း၊ အငြင်းမပွားပေါ်ပေါက်သည်။ ထိုသို့ စာရင်းများရှင်းလင်းကြရာတွင် ဦးလှဖော်သူ က ဒေါ်ချင်းမနှင့် ရှယ်ယာစပ်မဟုတ်ကြောင်း၊ စပါး တောင်း ၁၀၀ လျှင် ကော်မရှင် ၂၀၀ဝိ/- နှုန်း၊ ဆန်တစ်အိတ်လျှင် ၂၀ဝိ/- နှုန်း တောင်းယူကြောင်း၊ တရားလို ဒေါ်ချင်းမက ဦးလှဖော်သူ အား စာရင်းအပြီးရှင်းပေးလျှင် စပါးတောင်း (၁၀၀)ကို ငွေ ၁၀၀ဝိ/-၊ ဆန် (၁) အိတ်လျှင် ငွေ ၁၀ဝိ/- နှုန်းဖြင့် ရှင်းပေးမည်ဟု ပြောသော်လည်း ဦးလှဖော်သူ က လက်မခံသော ကြောင့် သက်သေခံ (၂) ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ နေ့စွဲပါ နှစ်ဦးနှစ်ဘက် သဘောတူညီချက်စာချုပ်တွင် ထိုအချက်ကိုလည်း ထည့်သွင်းဖော်ပြ၍ ဒေါ်ချင်းမနှင့် ဦးလှဖော်သူ တို့ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြ ကြောင်း ပေါ်ပေါက်သည်။ ယင်းစာချုပ်သည် အချင်းဖြစ် စပါးများ ဝယ်ယူရောင်းချမှုပြုလုပ်သည့် ငွေကြေး ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မူလရုံးတရားလိုနှင့် တရားပြိုင်တို့မှ စာရင်းများရှင်းလင်းကြရန်အတွက် မည်သည့်စာရင်း စာရွက်စာတမ်း အထောက်အထားများအပေါ် အခြေခံ၍ ရှင်းလင်းကြမည်ဖြစ်သည်ကို သဘောတူညီချက်ပြုလုပ်ကြသည့်ကိစ္စနှင့် ဦးလှဖော်သူ ကပြောသည့် လုပ်အားခငွေနှင့် ဒေါ်ချင်းမက ပေးသည့် လုပ်အားခ ငွေကြေးကိစ္စနှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းမရနိုင်ကြောင်း ရေးသားဖော်ပြချုပ်ဆို ခဲ့သောစာချုပ်ဖြစ်သည်။

အချင်းဖြစ် ဆန်စပါး အရောင်းအဝယ်ပြုလုပ်သည့် ငွေကြေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ စာရင်းစစ် ဦးဦးထွန်းသာ (လိုပြ-၁)၊ ဦးမောင်လှကျော် (လိုပြ-၂) တို့က စာရင်းဇယားများ စစ်ဆေးခဲ့ ကြောင်းနှင့် ၎င်းတို့စစ်ဆေးခဲ့သည့် ဒေါ်ချင်းမနှင့် ဦးလှဖော်သူ တို့၏ ၁၃-၁-၂၀၁၃ မှ ၁၂-၉-၂၀၁၃ အထိ

ဆန်စပါးရောင်းချသည့်ငွေစာရင်းရှင်းတမ်းအစီရင်ခံစာကို သက်သေခံ (ဓ) အဖြစ် တရားလိုဘက်မှ တင်ပြသည်။

သက်သေခံ (ဓ) ဆန်စပါးရောင်းချသည့် ငွေစာရင်းရှင်းတမ်းအစီရင်ခံစာ အပိုဒ် ၁၃ တွင် အမှတ်စဉ် (၁၂)+ (၁၃) တွင် ဦးလှဖော်သူ မှ ရန်ကုန်သို့တင်ပို့ဆန်အိတ် (၃၄၂၇) အိတ် တန်ဘိုးကျပ် ၅၀၁၄၁၈၉၄ ဖြစ်သော်လည်း ကုန်ဝယ်ရှင်းတမ်းတွင် ယင်းငွေအပြင် လုံးဝကုန်သွယ်မှုမရှိဘဲ ဦးလှဖော်သူ မှ ငွေကျပ် ၁၉၂၈၄၄၃၈ ကို ထုတ်ယူသုံးစွဲထားကြောင်းကို တွေ့ရှိရကြောင်း၊ ထိုငွေကို ဦးလှဖော်သူ ထံမှ ဒေါ်ချင်းမသို့ ပေးရန်ကျန်ကြောင်း စစ်ဆေးအစီရင်ခံဖော်ပြထားသည်။ ယင်းငွေကျပ် ၁၉၂ သိန်းကျော် ငွေကြေးကိစ္စမှာ မူလရုံးတရားပြိုင် (၁) ဦးလှဖော်သူ အား ဒေါ်ချင်းမက စပါးအကြွေးများထပ်မံဝယ်ယူခိုင်းသဖြင့် ပေါက်တောမြို့တွင် အဖြတ်ဖြတ်အကြွေးဝယ်ယူခဲ့ရရာ ဒေါ်ချင်းမ ပို့ပေးငွေနှင့် မလုံလောက်၍ စပါးဘိုး အကြွေး ၁၉၂ သိန်းပေးဆပ်ရန် ကျန်ရှိနေသဖြင့် ၂၀၁၃ ခုနှစ်၊ ၆ လပိုင်း သဘော်စာရင်းတစ်ခုတွင် ထိုငွေကို အကြွေးပေးရန် ထည့်သွင်းတောင်းခံခဲ့ခြင်းဖြစ်ကြောင်း၊ မူလရုံးတရားပြိုင် (၁) က ထုချေထွက်ဆိုပြီး ၎င်း၏သား ဦးကျော်ဆန်း (မူလရုံးတရားပြိုင်၂) က ၂၀၁၃ ခုနှစ် ၅/ ၆ လပိုင်းခန့်တွင် ဖခင် ဦးလှဖော်သူ က ၎င်းထံသို့ ဖုန်းဆက်၍ ပေါက်တောမြို့နယ်မှ ဆန်စပါးအကြွေး ၁၉၂ သိန်းကျပ်အတွက် ဒေါ်ချင်းမထံ ငွေတောင်းခံရာ မပေးအပ်ကြောင်းပြောဆိုခဲ့သဖြင့် ၁၀ လပိုင်းတွင် ဒေါ်ချင်းမထံသို့ စပါးအကြွေး ၁၉၂ သိန်းပေးရမည်ဖြစ်၍ ဖခင်ထံငွေ ၁၇၅ သိန်း လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း ဖုန်းဆက်အကြောင်းကြားပြီး နောက်ရန်ကုန်မှ ငွေလွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုထားသည်။ သို့ရာတွင် စပါးအကြွေးဝယ်ယူပေးဆပ်ခဲ့ရသည့်ကိစ္စနှင့်စပ်လျဉ်း၍ ပြေစာအထောက်အထား စာရင်းများနှင့်တကွ ရှင်းလင်းတင်ပြထားခြင်းမရှိပေ။

သက်သေခံ (ဓ) ဆန်စပါးရောင်းချသည့် ငွေစာရင်းရှင်းတမ်းအစီရင်ခံစာအပိုဒ် ၅ တွင် ဦးလှဖော်သူ အနေဖြင့် ဒေါ်ချင်းမထံမှ ထုတ်ယူထားငွေကျပ် ၅၃၇၃၉၁၇၀၀ ဖြစ်ကြောင်းကို အစီရင်ခံစာ အပိုဒ် ၃ တွင် ဖော်ပြထားကြောင်း၊ ကုန်ဝယ်ယူတန်ဘိုးမှာ ကျပ် ၅၂၇၇၅၃၆၄၃ ဖြစ်သည့်အတွက် ဦးလှဖော်သူ ထံတွင် ကျန်ရှိငွေမှာ ကျပ် ၉၅၉၃၂၅၇ ကျန်နေသေးကြောင်း အစီရင်ခံစာပါ အချက်နှင့် စပ်လျဉ်း၍ မူလရုံးတရားပြိုင် (၁) ဦးလှဖော်သူ မှ ရှင်းလင်းငြင်းဆိုခြင်းမရှိပေ။

သက်သေခံ(ဓ) ငွေစာရင်းရှင်းတမ်းအစီရင်ခံစာ အပိုဒ် ၈ တွင် "× × × မောင်ကျော်ဆန်း၏ ကုန်ရောင်းရှင်းတမ်းအရ ပျက်ဆီးသွားသည့် ဆန်အိတ်များအတွက် သဘော်မှလျော်ကြေးရရန်ကျပ် ၂၂၆၄၅၈ ကျန်ရှိကြောင်း ဖော်ပြထားသဖြင့် ကုန်ပို့သူ ဦးလှဖော်သူ ထံမှ ထိုငွေ ၂၂၆၄၉၅၈ ကျပ်ကိုရရန် ကျန်ရှိကြောင်း" အစီရင်ခံစာပါအချက်နှင့်စပ်လျဉ်း၍လည်း မူလရုံးတရားပြိုင်ဘက်မှ ငြင်းဆိုခြင်းမရှိပေ။

ဦးလှဖော်သူ နှင့် မောင်ကျော်ဆန်းတို့ထံမှ ရရန်ကျန်ငွေနှင့်ပစ္စည်းစာရင်းနှင့်စပ်လျဉ်း၍ သက်သေခံ (ဓ) ဆန်စပါးရောင်းချသည့် ငွေစာရင်းရှင်းတမ်း အစီရင်ခံစာတွင် နောက်ဆက်တွဲဇယား(ခ) ဖြင့် ဖော်ပြခဲ့သည်။ ယင်းနောက်ဆက်တွဲဇယား (ခ) အရ ဦးလှဖော်သူ နှင့် မောင်ကျော်ဆန်းတို့ထံမှ ရရန်ကျန်ငွေကျပ် ၂၉၁၀၄၀၅၄ နှင့် ရရန်ကျန်ရှိသည့် ဆန်အိတ်ပေါင်း ၁၀၁၆.၅၀ အိတ်အတွက် သင့်ငွေကို

တန်ဘိုးတွက်ချက်ပြီးရရန်ကျန်ရှိနေသေးကြောင်း အစီရင်ခံစာအပိုဒ် ၂၄ တွင် ဖော်ပြထားသည်။ ဆန်တစ်အိတ်လျှင် ကျပ် ၁၅၀၀၀ နှုန်းဖြင့် တွက်ချက်တောင်းခံသည်။

မူလရုံးတရားပြိုင် (၂) ဦးကျော်ဆန်းက ဖခင်မှပေးပို့သည့် ဆန်စပါးများကို ရန်ကုန်တွင် ၎င်းကလက်ခံယူရပြီး ကြိတ်ခွဲခြင်း၊ ရောင်းချပေးခြင်းတို့ ပြုလုပ်ခဲ့ရာတွင် ပွဲစားများထံရောင်းချခြင်း၊ ဆန်ဆိုင်များသို့ လက်လီရောင်းချခြင်း၊ ပွဲရုံများသို့ ရောင်းချခြင်း၊ ပွဲရုံများသို့ရောင်းချပါက ငွေဖြတ်ပိုင်းဘောင်ချာများ မိမိထံပေးအပ်ခဲ့ခြင်းရှိသလို ဆန်ကုန်စည်ဒိုင်များသို့ ရောင်းချပါက ဆန်အိတ်အရေအတွက်အလိုက် ရေးမှတ်ကာ ကျသင့်သည့်ငွေပမာဏကို မိမိထံသို့ ငွေဖြတ်ပိုင်းပြေစာမပါဘဲပေးအပ်ခြင်းများရှိကြောင်း၊ ရရှိသည့် ငွေနှင့်ဖြတ်ပိုင်းပြေစာများအားလုံးကိုလည်းကောင်း၊ ငွေပြေစာမပါဘဲရရှိသည့်ငွေများကို ဆန်အိတ်အရေအတွက်ကိုပြောပြ၍လည်းကောင်း၊ ဒေါ်ချင်းမ၏ သမီးထံသို့ ပေးအပ်ခဲ့ရကြောင်း၊ ဆန်စက်များတွင် စပါးကြိတ်ခွဲသည့်အခါ အမျိုးစားတူသည့် ဆန်ထွက်ရှိလာပါက အခြားစပါးပိုင်ရှင်များနှင့်အတူတူပြေစာကို တစ်ပေါင်းတည်းပေးအပ်ခြင်းများရှိပြီး မိမိအား သီးခြားပေးအပ်ခြင်းမရှိသည့်အခါမျိုးတွင် မိမိမှစာရင်းစာအုပ်ဖြင့် စာရင်းပြုလုပ်ခဲ့ကြောင်း၊ ထိုကဲ့သို့ စာရင်းဘောင်ချာများရရှိသည်များကို ပေးအပ်ပြီး မရရှိသည့် စာရင်းဘောင်ချာများကို မိမိမှ စာရင်းဇယားများပြုလုပ်ခဲ့ကြောင်း ဒေါ်ချင်းမ၏သမီး ဒေါ်သန်းသန်းနုထံ ပြောပြကာ ချက်ချင်းပေးအပ်ရကြောင်း ထွက်ဆိုထားသည်။

သက်သေခံ (၂) နှစ်ဦးနှစ်ဘက် သဘောတူညီချက်စာချုပ်တွင် မူလရုံးတရားလိုနှင့် မူလရုံးတရားပြိုင် (၁၊ ၂) တို့သည် စာရင်းစစ်ဆေးသူ ဦးဦးထွန်းသာ၊ ဦးမောင်လှကျော် အသိသက်သေ ဦးမောင်မောင်အောင် တို့နှင့်အတူ လက်မှတ်ရေးထိုးထားကြပြီး အဆိုပါ သဘောတူညီစာချုပ်ပြုလုပ်ခဲ့ခြင်းနှင့် ပြုလုပ်ကြရသည့်အကြောင်းရင်းအတွက် နှစ်ဖက်အငြင်းမပွားကြချေ။ ယင်းသက်သေခံ (၂) စာချုပ်တွင် " ဦးလှဖော်သူ ၏စပါးဝယ်ယူခြင်း၊ စပါးကြိတ်ခြင်း၊ သယ်ချစရိတ်စသည်များ အပါအဝင် သဘော်အပတ်စဉ်အလိုက် တင်ပို့သည့်ဆန်အိတ်၊ စပါးများသည် သဘော်တင်ပြေစာမူရင်းများ ပြည့်စုံစွာမရှိသည့်အတွက် ဦးလှဖော်သူ စာရင်းကို အခြေခံပြီး သဘော်တင်ပို့ပမာဏအတိုင်း ညှိနှိုင်းရန်သဘောတူကြောင်း၊ ဦးလှဖော်သူ တင်ပို့သည့် ဆန်အိတ်စပါးများကို ရန်ကုန်ဆန်စက်အသီးသီးတွင် လက်ခံရရှိခြင်း၊ စက်ကြိတ်ခြင်း၊ ရောင်းချရခြင်း အိတ်အရေအတွက်ကို အခြေခံကာ ဦးလှဖော်သူ စာရင်းနှင့်တိုက်ဆိုင်ပြီးဆောင်ရွက်ကြရန် နှစ်ဦးသဘောတူကြောင်း၊ ရန်ကုန်စက်မှ ထုတ်ပေးသည့် မူရင်းပြေစာများမရှိသည့်အတွက် ရန်ကုန်တာဝန်ခံ ဦးကျော်ဆန်း၏ ရှင်းလင်းပေးပို့သော ပြေစာများနှင့် ရှင်းလင်းပြေစာများမရှိသော ခေါက်ရေများအတွက် ဦးကျော်ဆန်း၏ ကိုယ်တိုင်တင်ပြသော စာရင်းကို အခြေခံပြီးရှင်းလင်းရန် သဘောတူကြောင်း" ဖော်ပြချုပ်ဆိုထားသည်ကိုတွေ့ရပြီ သက်သေခံ(၉) ငွေစာရင်းရှင်းတမ်းအစီရင်ခံစာ၊ အပိုဒ် ၂ တွင်" စာရင်းများကိုစစ်ဆေးသောအခါ ဒေါ်ချင်းမထံမှ ဦးလှဖော်သူငွေထုတ်စာရင်းစာအုပ်၊ ဦးလှဖော်သူနှင့် မောင်ကျော်ဆန်းတို့ထံမှ အပတ်စဉ်အလိုက် ဒေါ်ချင်းမထံသို့ ပေးပို့ထားသော ကုန်ဝယ်ကုန်ရောင်းစာရင်းရှင်းတမ်းများကို အခြေခံပြီးစစ်ဆေးခဲ့ခြင်း" ဖြစ်ကြောင်းဖော်ပြထားသည်။ သက်သေခံ (၉) ဆန်စပါးရောင်းချသည့် ငွေစာရင်းရှင်းတမ်းအစီရင်ခံစာသည် မူလရုံးတရားပြိုင် (၁) ဦးလှဖော်သူ နှင့် (၂) ဦးကျော်ဆန်းတို့ တင်ပြသော စာရင်းများ၊ ရှင်းလင်းပြေစာများ၊ ရှင်းလင်းပြေစာများမရှိသောကိစ္စများတွင် မူလရုံးတရားပြိုင် (၂)

ဦးကျော်ဆန်း တင်ပြသောစာရင်းများကို အခြေခံပြီး နှစ်ဖက်သဘောတူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားပေါ်ပေါက်လျက်ရှိပေရာ မူလရုံးတရားပြိုင် (၂)ဦးကျော်ဆန်းအနေဖြင့် တရားလို ဒေါ်ချင်းမ ၏သမီး ဒေါ်သန်းသန်းနု ထံ ရှင်းလင်းပေးအပ်ပြီးကြောင်း ထွက်ဆိုချက်အား လက်ခံစဉ်းစားနိုင်မည် မဟုတ်ပေ။

အမှုတွင် ဒေါ်ချင်းမမှ ဦးလှဖော်သူ စပါးဝယ်ရန် ငွေထုတ်စာရင်းစာအုပ် သက်သေခံ (ဆ) ဆန်စပါးဝယ်ယူတင်ပို့ရာတွင် လိုအပ်သော လုပ်ငန်းသုံးပစ္စည်း ပီနံအိတ်၊ ချုပ်စက်များဝယ်ယူသုံးစွဲငွေနှင့် စပ်လျဉ်း၍ ရွှေအိမ်စံကော်ဇောနှင့် ပီနံအိတ်ဖြန့်ချီရေးလုပ်ငန်းမှတစ်ဆင့် ဦးလှဖော်သူ ထံသို့ လွှဲပို့သည့် ငွေလွှဲပြေစာ (၁၁) စောင်နှင့် ထိုငွေများ လက်ခံရရှိကြောင်း ဦးလှဖော်သူ လက်မှတ်ဖြင့် တရားလို ဒေါ်ချင်းမ ထံသို့ ပေးပို့သော ပြေစာ (၁၁) စောင်တို့ကို သက်သေခံ (က)မှ (က-၁၀) နှင့် သက်သေခံ (ခ) မှ (ခ-၁၀)၊ စန္ဒာခတ်ပုံတိုက်မှတစ်ဆင့် ဦးလှဖော်သူ ထံသို့ လွှဲပို့ငွေပြေစာ (၂) စောင်နှင့် ထိုငွေများကို လက်ခံရရှိကြောင်း၊ ဦးလှဖော်သူ မှ တရားလို ဒေါ်ချင်းမထံသို့ ပေးပို့သော ငွေပို့ပြေစာနှင့် လက်ခံပြေစာ (၂) စောင် တို့ကို သက်သေခံ(ဂ)၊ (ဂ-၁)နှင့် သက်သေခံ (ဃ)၊ (ဃ-၁)၊ ဦးလှဖော်သူ က တရားလို ဒေါ်ချင်းမ ထံမှ ပေးပို့သောငွေများကို လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးပေးပို့ထားသော ပြေစာ (၂၄၂) စောင်အား သက်သေခံ (င) မှ (င-၂၄၁) ထိတင်ပြပြီး တရားပြိုင် (၁) ဦးလှဖော်သူ ထံသို့ ဒေါ်ချင်းမက ငွေများ လွှဲပြောင်းပေးပို့၍ လက်ခံရယူထားကြောင်း အထောက်အထားများ တင်ပြထားသည့်အပေါ် ယင်းငွေကြေး ကိစ္စရပ်များမမှန်ကန်ကြောင်း၊ ဦးလှဖော်သူ လက်ခံရခဲ့ခြင်းမရှိကြောင်းကို တရားပြိုင်ဘက်မှ ငြင်းကွယ်ခဲ့ ခြင်းလည်းမရှိပေ။ သက်သေခံ (ဇ) ငွေစာရင်းစစ်ဆေးချက်အစီရင်ခံစာအား စာရင်းအင်းကျွမ်းကျင်သူ အငြိမ်းစားဝန်ထမ်းများဖြစ်သူ(၂) ဦးက သက်သေခံ(၂) စာချုပ်ပါ အချက်အလက်များအပေါ် ကာယကံ ရှင်နှစ်ဦးနှစ်ဖက် သဘောတူညီသည့်စာရင်းများဖြင့် အခြေခံပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားပေါ်ပေါက် သည်။

တရားလို ဒေါ်ချင်းမက " × × × ဒုတိယအကြိမ်စာရင်းရှင်းလင်းကြသည့်အခါ သုံးစွဲထား သောငွေ ၁၉၂ သိန်းကျော် လျော့နည်းနေသော ဆန်အိတ်များအတွက် ရှင်းလင်းပေးရန် ဦးလှဖော်သူမှ ကတိ ကဝတ်ပြုထားသည့်ကိစ္စ၊ ငွေကြေးကွာဟမှုများကို တစ်နှစ်ကျော်ခန့်ကြာပြီဖြစ်၍ ရှင်းလင်းပေးရန်ပြော သည့်အခါ ဦးလှဖော်သူ နှင့် သား ၄ ဦးက ငွေကျပ် ၁၉၂ သိန်းကျော်အား ကော်မရှင်အဖြစ်ယူထားသည်ဟု ပြောကြောင်း၊ ၎င်းက ထိုကဲ့သို့ကတိကဝတ်မရှိကြောင်း ပြောရာ ၎င်းတို့က ငြင်းဆိုလာကြောင်း၊ ၎င်းက ဆန်စပါးဝယ်/ရောင်းသည့် ပွဲစားများကို ကော်မရှင်အဖြစ် စပါး ၁၀၀ လျှင် ၅၀၀၀ိ/-ဖြင့်လည်းကောင်း၊ ဆန် ၁ အိတ်လျှင် ငွေ ၂၀ိ/-ဖြင့်လည်းကောင်း ကော်မရှင်ပေးပြီးသားဖြစ်ပြီး မောင်ကျော်ဆန်းနှင့် ဦးလှဖော်သူ တို့စာရင်းတွင်လည်း ထိုကဲ့သို့ပါရှိကြောင်း၊ ဦးလှဖော်သူ က စာရင်းစစ်များရှေ့တွင် စပါးတောင်း ၁၀၀ လျှင် ကော်မရှင် ၂၀၀၀ိ/-နှုန်း ဆန် (၁) အိတ်လျှင် ၂၀ိ/- နှုန်းတောင်းဆိုလာကြောင်း၊ ၎င်းကစာရင်းအပြီး ရှင်းပေးလျှင် စပါးတောင်း ၁၀၀ လျှင် ၁၀၀၀ိ/-နှုန်း၊ ဆန် ၁ အိတ်လျှင် ၁၀ိ/-နှုန်းရှင်းပေးမည်ဟု ပြောခဲ့ ကြောင်း၊ ၎င်းကအကျိုးအမြတ်ကိုခွဲဝေခံစားလာခြင်းဖြစ်ကြောင်းပြောခဲ့ကြောင်း၊ ဦးလှဖော်သူကကော်မရှင် မရလျှင် စာရင်းမရှင်းနှင့်ဟု သား (၄) ဦးကိုပြောကြောင်း "ထွက်ဆိုထားသည်။

စာရင်းများစစ်ဆေးသူ ဦးဦးထွန်းသာနှင့် ဦးမောင်လှကျော်တို့က ၎င်းတို့၏ စစ်ဆေးတွေ့ရှိချက်များအရ ငွေကိုင်သူ၊ ပစ္စည်းဝယ်သူ၊ စာရင်းဇယားပြုစုသူ၊ အသုံးစရိတ်ကျခံသူ၊ ပစ္စည်းဝယ်ရောင်းလုပ်သူ၊ ပစ္စည်းထိန်းသိမ်းသူ လုပ်ငန်းအစ အဆုံးကို သားနှင့် ဦးလှဖော်သူ တို့က ဆောင်ရွက်ထားကြောင်းတွေ့ရှိရသောကြောင့် ငွေထုတ်ပေးသူနှင့် လုပ်ငန်းဆောင်ရွက်သူတို့သည် လုပ်အားခပေးစနစ်ကော်မရှင်စားဖြင့် လုပ်ကိုင်ခြင်းမဟုတ်ဘဲ အကျိုးအမြတ်ခံစားစနစ် (အမြတ်ပေါ်အချိုးကျခွဲဝေယူကြရန် ရှုံးလျှင်အတူခံစားစနစ်) ဖြင့် လုပ်ကိုင်ကြခြင်းဖြစ်ကြောင်း၊ ၎င်းတို့စာရင်းပြုလုပ်စဉ် ဒေါ်ချင်းမနှင့် ဦးလှဖော်သူ တို့မှာ အမြတ်အစားနှင့်လုပ်အားခ ညှိနှိုင်းမရ၍ စာရင်းရှင်းလင်း၍မရခဲ့ကြောင်း၊ ထို့ကြောင့် သက်သေခံ (၂) ၂၆-၁-၂၀၁၅ နေ့စွဲပါ နှစ်ဦးနှစ်ဖက်သဘော တူညီချက်စာချုပ် (၁) စောင်ကို ရင်းနှီးမြှုပ်နှံသူ ဒေါ်ချင်းမနှင့် လုပ်ငန်းလုပ်ဆောင်သူ ဦးလှဖော်သူ တို့ ပြုလုပ်ခဲ့ရခြင်းဖြစ်ကြောင်း ထွက်ဆိုထားသည်။

သက်သေခံ (၂) ၂၆-၁-၂၀၁၅ နေ့စွဲပါ နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်စာပိုဒ် ၄ တွင် "ကျွန်တော် ဦးလှဖော်သူ သည် ရှယ်ယာစပ်မဟုတ်ပါ။ အရှုံးအမြတ်နှင့်မသက်ဆိုင်ပါ။ ဦးလှဖော်သူ မှ စပါးတောင်း ၁၀၀ လျှင် ၂၀၀၀ိ/-၊ ဆန်တစ်အိတ်လျှင် ၂၀ိ/- တောင်းခံသော်လည်း ဒေါ်ချင်းမမှ စပါးတောင်း ၁၀၀ လျှင် ၁၀၀၀ိ/-၊ ဆန်တစ်အိတ်လျှင် ၁၀ိ/- ကော်မရှင်ပေးသည်။ ယင်းကို ဦးလှဖော်သူ မှ လက်မခံပါ။ မူလစလုပ်တုန်းက ကတိကဝတ်မရှိခဲ့ကြောင်း ဒေါ်ချင်းမ ကတင်ပြရာ ဦးလှဖော်သူမှ ကတိကဝတ်ရှိကြောင်း ပြောပါသည်။ စာပိုဒ် ၅ တွင် "နှစ်ဦးနှစ်ဘက် ညှိနှိုင်းမှုတွင် အမြတ်စားနှင့်လုပ်အားခ ခံစားခွင့်နှစ်မျိုးကို ညှိနှိုင်း၍မရပါ။ ဒေါ်ချင်းမပေးသော လုပ်အားခကိုလည်း ဦးလှဖော်သူမှ လက်မခံသည့်အတွက် ရှင်းလင်း၍မရနိုင်ပါ" ဟုရေးသားချုပ်ဆိုထားကြသည်။ ထို့ကြောင့် ဒေါ်ချင်းမနှင့် ဦးလှဖော်သူ တို့ ငွေစာရင်းများရှင်းလင်းကြသောအခါ အမြတ်စားနှင့်လုပ်အားခ (ကော်မရှင်စား) ခံစားခွင့်နှစ်မျိုးနှင့်စပ်လျဉ်း၍ အငြင်းပွားခဲ့ကြပြီး နှစ်ဖက်ညှိနှိုင်း၍မရသဖြင့် နှစ်ဦးနှစ်ဘက် စာရင်းရှင်းလင်းမှုတွင် အမြတ်စားနှင့် လုပ်အားခစားနှင့်စပ်လျဉ်း၍ ငွေကြေးကိစ္စကိုသာစာရင်း ရှင်းလင်းနိုင်ခဲ့ကြခြင်းမရှိကြောင်း သုံးသပ်တွေ့နိုင်သည်။

သက်သေခံ (ဇ) ဆန်စပါးရောင်းချသည့် ငွေစာရင်းရှင်းတမ်း အစီရင်ခံစာတွင် ပူးတွဲတင်ပြထားသော နောက်ဆက်တွဲ (က) ဦးလှဖော်သူ ဆန်စပါးဝယ်ယူမှု အပတ်စဉ်ရှင်းတမ်းစာရင်းတွင် လုပ်ငန်းအရှုံးအမြတ်စာရင်းတို့ကို ရေးဆွဲဖော်ပြပါရှိသော်လည်း လုပ်ငန်းမှအမြတ်ခွဲဝေ၊ အရှုံးကိုအတူကျခံရန် ဒေါ်ချင်းမက အရေးဆိုတင်ပြထားခြင်းမရှိပေ။ မူလရုံးတရားပြိုင် (၁) ဦးလှဖော်သူ အနေဖြင့်လည်း ၎င်းတို့မှ လုပ်ငန်းဆောင်ရွက်ပေးရမှုအတွက် ခံစားရထိုက်ကြောင်းဖြင့် ကော်မရှင်ခငွေကြေးတစ်ရပ်ကို စာရင်းများတွက်ချက်ပြုစု၍ တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်းဥပဒေ ၆ အရ ခုနှိမ်တောင်းဆိုခွင့် အခွင့်အရေးရှိသော်လည်း တောင်းဆိုခဲ့ခြင်းမပြုပေ။ သီးခြားတရားတစ်ထုံးစွဲဆိုခြင်းလည်း မပြုပေ။

ရခိုင်ပြည်နယ်တရားလွှတ်တော်က သက်သေခံ (ဇ) ငွေစာရင်းရှင်းတမ်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ နှစ်ဦးနှစ်ဘက် အကျေအလည်စာရင်းရှင်းလင်းထားပြီး ရေးဆွဲထားသော စာရင်းဖြစ်သည်ဟု တထစ်ချမှတ်ယူနိုင်မည်မဟုတ်ကြောင်း သုံးသပ်ပြီး နှစ်ဦးနှစ်ဘက်လုံး ကျေကျေလည်လည် အပေးအယူနှင့် ပတ်သက်၍ စာရင်းရှင်းလင်းပြီးကြောင်း ပေါ်လွင်ခြင်းမရှိသော စာရင်းအပေါ် မူတည်၍ ဥပဒေအရတရား

စွဲဆိုခွင့်မရှိကြောင်း ရည်ညွှန်းကိုးကားခဲ့သော ဦးသောင်းညွန့် နှင့် ဦးကျင်အေး အမှု ၁ မှာ တရားလို တင်သွင်းသော စာရင်းသည် တရားခံနှင့် ရှင်းလင်းသော စာရင်းမဟုတ်၊ တရားခံ လက်မှတ်လည်းမထိုး၊ သိလည်းမသိပါဟု အတိအလင်းငြင်းဆိုခဲ့သည့်အပေါ် တရားလိုတင်ပြသော စာရင်းနှင့်စပ်လျဉ်း၍ တရားလို၏ ထွက်ချက်တစ်ခုတည်းသာရှိ၍ မည်သည့် အထောက်အထားမှ မရှိသော အခြေအနေအပေါ် သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး၊ ယခုအမှုဖြစ်ရပ် အခြေအနေနှင့်ထပ်တူထပ်မျှ တူညီခြင်းမရှိချေ။ သက်သေခံ (ဇ) ဆန်စပါးရောင်းချမှု ငွေစာရင်းရှင်းတမ်းအစီရင်ခံစာသည် သက်သေခံ (၂) ၂၆-၁-၂၀၁၅ နေ့စွဲပါ နှစ်ဦးနှစ်ဖက်သဘောတူညီချက်စာချုပ်ပါ နှစ်ဘက်သဘောတူညီသည့် အထောက်အထားများဖြင့် စာရင်းအင်းကျွမ်းကျင်သူများနှင့် စစ်ဆေး၍ ရေးဆွဲပြုလုပ်ထားသော အစီရင်ခံစာဖြစ်ပြီး အချင်းဖြစ် ဆန်စပါးဝယ်ယူရောင်းချမှုနှင့်စပ်လျဉ်းသည့် ငွေကြေးများ လွှဲပြောင်းပေးအပ်လက်ခံသည့်ကိစ္စ၊ ဆန်စပါး တင်ပို့ရောင်းချသည့် အဝယ်အရောင်းကိစ္စများအတွက် တရားလို၊ တရားပြိုင်တို့နှစ်ဦးနှစ်ဘက် အကြားတွင် ရရန်၊ ပေးရန်စာရင်းများ ရှင်းလင်းပေါ်ပေါက်ခဲ့ပြီးဖြစ်ရာ မူလစစ်ဆေးတွေခရိုင်တရားရုံးက တရားပြိုင် ဦးလှဖော်သူ နှင့် ဦးကျော်ဆန်း (ခ) ကျော်ဆန်းဝင်း တို့အပေါ် တရားလို ဒေါ်ချင်းမ ထံသို့ ငွေကျပ် ၄၄၃၅၁၅၅၃ ကို ပေးဆပ်စေရန် အနိုင်ဒီကရီချမှတ်ခဲ့ခြင်းမှာ အထောက်အထားမဲ့မဟုတ်ကြောင်းတွေ့ရှိရသည်။ ရခိုင်ပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်နှင့်အမိန့်သည် အမှုတွဲပါ သက်သေခံ၊ အထောက်အထားများကို ပြည့်စုံစွာသုံးသပ်ရန် ပျက်ကွက်ကြောင်း ပေါ်ပေါက်နေပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ဝင်ရောက်စွက်ဖက်ပြင်ဆင်ရန် လိုအပ်ပေမည်။

ထို့ကြောင့် ဤအယူခံမှုကို စရိတ်နှင့်တကွ ခွင့်ပြုသည်။ ရခိုင်ပြည်နယ်တရားလွှတ်တော်၏ ၁၂-၆-၂၀၁၈ နေ့စွဲပါ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး စစ်တွေခရိုင်တရားရုံး၏ ၁၉-၂-၂၀၁၈ နေ့စွဲပါ စီရင်ချက်နှင့်ဒီကရီကို ပြန်လည်အတည်ပြု သည်။

ရှေ့နေစရိတ်ကျပ် ၃၀၀၀၀/-သတ်မှတ်သည်။

(စိုးနိုင်)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး